**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org



ဓါတ်ပုံအားမဇ္ဈိမ သတင်းဌာနမှ ကူးယူဖော်ပြပါသည်။

## လက်ရှိအခြေအနေ အကျဉ်းချုပ်

၂၀၁၆ ခုနှစ်၊ ဩဂုတ်လကုန်တွင် မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၈၆ ဦး အကျဉ်းကျခံနေရသည်။ တက်ကြွလှုပ်ရှားသူ ၁၂၀ ဦးသည် နိုင်ငံရေး လှုပ်ရှားမှုများကြောင့် လက်ရှိအချိန်တွင် တရားရင်ဆိုင်နေရပြီး ထိုထဲမှ ၃၅ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရသည်။

# လ ၊ ၂၀၁၆ ခုနှစ်၊ နိုင်ငံရေး အကျဉ်းသားများ အခြေအနေပြ လစဉ်အစီရင်ခံစာ

## မာတိကာ

- တစ်လအတွင်း သုံးသပ်ချက်
- မတရား ထိန်းသိမ်းခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- မြေယာသိမ်းဆည်းမှုများ
- ဥပဒေပြုရေးနှင့် မူဝါဒပိုင်းဆိုင်ရာ တိုးတက်မှုများ
- လူ့အခွင့်အရေးနှင့်ဆိုင်သော ဆက်စပ်သတင်းများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

# တစ်လအတွင်း သုံးသပ်ချက်

၂၀၁၆ ခုနှစ်၊ ဩဂုတ်လတွင် တိုင်းရင်းသားဒေသများမှ အရပ်သား ခုနစ်ဦး ဖမ်းဆီးခံခဲ့ရပြီး လယ်သမား ၂၂ ဦး တရားစွဲဆိုခံခဲ့ရသည်။ ယခုလတွင် လယ်သမား ၃၅ ဦးအား စွဲဆိုထားသော စွဲချက်များကို ရုပ်သိမ်းပေးခဲ့သည်။ နိုင်ငံရေးအကျဉ်းသားသုံးဦးမှာမူ ကျန်းမာရေး ဆိုးရွားလျက်ရှိ ကြောင်းသိရှိရသည်။

တက်ကြွလှုပ်ရှားသူများ၊ လယ်သမားများနှင့် တိုင်းရင်းသားများကို တရားစွဲဆိုရန်နှင့် ပြစ်ဒဏ်ချမှတ်ရန် ဖိနှိပ်ထားသော ဥပဒေများကို ဆက်လက် အသုံးပြုလျက်ရှိသည်။ ဩဂုတ်လ ၁၅ ရက်နေ့တွင် ရာဇသတ်ကြီးပုဒ်မ ၄၂၇၊ ၄၄၇၊ ၅၀၆၊ ၂၉၄ တို့ဖြင့် ၂၀၁၄ ခုနှစ် ကတည်းက တရားစွဲဆိုခံခဲ့ရသော နောင်ချိုမြို့နယ်မှ လယ်သမားများ သည် ၎င်းတို့၏ ၅၂ ကြိမ်မြောက်ရုံးချိန်းကို တက်ရောက်ခဲ့သည်။ သစ်တောဥပဒေ၊ သစ်တော စိုက်ခင်းများကို ကျူးကျော်မှုတို့ဖြင့် တရား စွဲဆိုခံခဲ့ရသော လပွတ္တာမြို့နယ်မှ လယ်သမား ၁၂ ဦးသည် ၎င်းတို့၏ ပထမအကြိမ် ရုံးချိန်းကို တက်ရောက်ခဲ့သည်။ ဩဂုတ်လ ၁၉ ရက်နေ့ တွင် စစ်ကိုင်း အလုပ်သမားအခွင့်အရေးတောင်းဆို ဆန္ဒပြပွဲတွင် ပါဝင် ခဲ့ကြသော အလုပ်သမားနှင့် ကျောင်းသား ၁၅ ဦးအနက် ကျောင်းသား ငါးဦးသည် တရားစီရင်ရေးအား ဆက်လက် သပိတ်မှောက်ခဲ့ကြပြီး ကျန်ရှိသည့် အလုပ်သမား ၁၀ ဦးသည် သပိတ်မှောက်ခြင်းကို ရပ်တန့် ခဲ့ကာ စတင် ၍ တရားရင်ဆိုင်ခဲ့ကြသည်။

မီဒီယာ၊ နိုင်ငံရေးနှင့် နိုင်ငံသားတို့အပေါ် ကန့်သတ်ထားမှုများသည် ယခုလတွင်လည်း ဆက်လက်ရှိနေသည်။ ကြက်ဖကြီး လူမှုကွန်ရက်စာ မျက်နှာကို သုံးစွဲကာ စစ်ကပ်ကို အသရေဖျက်သည်ဟု စွပ်စွဲခံခဲ့ရပြီး နောက် ကိုလှဖုန်းသည် ဆက်သွယ်ရေး ဥပဒေ၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅/ခ၊ နိုင်ငံတော်အလံ ဥပဒေပုဒ်မ ၁၆ တို့ဖြင့် စွဲချက်တင်ခြင်းကို ခံခဲ့ရသည်။ ထို့ပြင် တမူးခရိုင်အုပ်ချုပ်ရေးမှူးမှ တမူး တိုင်းရင်းသားဖို ရမ် ကျင်းပရန် တားမြစ်ခဲ့သည်။ ကူကီးတိုင်းရင်းသားသည် တိုင်းရင်း သားစာရင်းတွင် ပါဝင်ခြင်းမရှိပဲ ဖိုရမ်ကျင်းပခွင့်ပြုလိုက်ပါက ပြဿနာ ဖြစ်ပွားနိုင်သောကြောင့် ဖြစ်သည်ဟု ပြောကြားခဲ့သည်။

တိုင်းရင်းသားဒေသများတွင် စစ်တပ်မှ အရပ်သားများကို ဆက်လက် ဖမ်းဆီး၊ ထိန်းသိမ်းထားလျက်ရှိသည်။ ရှမ်းပြည်နယ်၊ နမ့်ဆန်မြို့နယ်၊ မန်ပိန်း ကျေးရွာမှ ရွာသား ငါးဦးသည် စစ်တပ်မှ မတရားဖမ်းဆီး၊ ထိန်းသိမ်းခြင်းကို ခံခဲ့ရပြီး ကချင်ပြည်နယ်၊ ရှထူးဇွပ်ရွာမှ ရွာသား နှစ်ဦး သည်လည်း စစ်တပ်မှ ဖမ်းဆီးထားခြင်းခံခဲ့သည်။

ဩဂုတ်လတွင်းတွင် လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများထဲမှ တိုး တက်မှုတစ်ချို့ရှိလာသည်ကို တွေ့မြင်နိုင်သည်။ ယခုလတွင် ယခင် အစိုးရဟောင်း လက်ထက်က ပိုင်နက်ကျူးလွန်ခြင်းအတွက် တရားစွဲဆို ခံထားရသော လယ်သမား ၃၅ ဦး ၏ အမှုများကို နေပြည်တော် စည် ပင်သာယာရေး ကော်မတီမှ ရုပ်သိမ်းပေးခဲ့သည်။ ၎င်းပြင် အစိုးရသစ်၏ ရက်တစ်ရာစီမံချက် တစ်စိတ်တစ်ပိုင်းအဖြစ် အမည်ပျက်စာရင်းသွင်းခံ ထားရသူ ၆၁၉ ဦး (မြန်မာနိုင်ငံသား ၂၄၈ဦး၊ နိုင်ငံခြားသား၃၇၁ဦး) တို့အား အမည်ပျက်စာရင်းမှ ဖယ်ရှားပေးခဲ့သည်။ ထို့ပြင် ဩဂုတ်လ ၂၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်မှ ၁၉၅၀ အရေးပေါ်စီမံမှုအက် ဥပဒေပုဒ်မ ၅ (ည) အား ရုပ်သိမ်းရန် အတည်ပြုခဲ့သည်။

# ထိန်းသိမ်းခံရခြင်းများ

**စစ်တပ်မှ တအာင်းရွာသား ငါးဦးကို ဖမ်းဆီး**

ဩဂုတ်လ ၁ ရက်နေ့တွင် စစ်တပ်မှ နမ့်ဆန်မြို့နယ်၊ မန်ပိန်းကျေးရွာမှ ရွာသား ငါးဦးကို ဖမ်းဆီး၊ ထိန်းသိမ်းခဲ့သည်။ ၎င်းတို့သည် နမ့်ဆန်မြို့နယ်မှ သီပေါမြို့နယ်သို့ လက်ဖက်များ သွားရောက်ရောင်းချရာ လမ်းတွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ မျက်မြင်သက်သေများမှ ထိုရွာသား ငါးဦးအား လီလူ တံတားရှိ စစ်တပ်၊ တပ်ရင်းမှ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့ပြီး ဒေသခံတစ်ဦးမှလည်း ထိုသူတို့အား စစ်တပ်မှ နှိပ်စက်ညှဉ်းပန်းခဲ့သည်ဟု ပြောကြားခဲ့သည်။ ၎င်းတို့ ထိန်းသိမ်းခံထားရသည့်သတင်းကို မိသားစုဝင်များကြားသောအခါ သီပေါစစ်တပ်၊ တပ်ရင်းရှိရာသို့ အလျင်အမြန် သွားရောက်ခဲ့သော်လည်း မည်သူမှ ထိန်းသိမ်းခံရ ခြင်းမရှိပါဟု ပြောကြားခြင်းခံခဲ့ရသည်။
[၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်၊ မြန်မာတိုင်း](#)

**ကချင်လွတ်မြောက်ရေးတပ်မတော်နှင့် ဆက်သွယ်ခြင်းအတွက် စစ်တပ်မှ အမျိုးသားနှစ်ဦးကို ဖမ်းဆီး**

ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် ဆက်သွယ်ခြင်းအတွက် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကချင်ပြည်နယ်၊ ရှထူးဖွပ်ရွာနှင့် စံပြရွာတို့မှ ရွာသားနှစ်ဦးဖြစ်သော ဦးဂလန်ခမ်းအောင်နှင့် ဦးအင်ဒေါင်ဂမ်အောင်တို့ကို စစ်တပ်မှ ဖမ်းဆီးခဲ့သည်။ ရှထူးဖွပ်ရွာတည်ရှိရာ ဟူးကောင်းချိုင့်ဝှမ်းတွင် တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော်တို့ကြား တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားလျက်ရှိသည်။ ထိုရွာသားနှစ်ဦးသည် KIA နှင့် ဆက်သွယ် ကြောင်း ဝန်ခံခဲ့ကြသည်ဟု တပ်မတော်မှ ပြောကြားခဲ့သည်။ ထိုအမှုအား တပ်မတော်မှ ရဲဘက်သို့ လွှဲပြောင်းရန် ရည်ရွယ်ထားပြီး ထိုရွာသားနှစ်ဦးသည် မတရားအသင်းအက်ဥပဒေဖြင့် တရားစွဲဆိုခံရမည်ဖြစ်သည်။ ၎င်းတို့လွတ်မြောက်ရေးအတွက် မေတ္တာရပ်ခံရန် ရွာမှ ရပ်မိရပ်ဖများမှ စစ်သားများနှင့် တွေ့ဆုံခဲ့သော်လည်း မှတ်ပုံတင်ကဒ်နှင့်အတူ ပြန်လာရန် ညွှန်ကြားခြင်းခံခဲ့ရသည်။ ၎င်းတို့ ပြန်လာသောအခါ စစ်သားများမှ အလေးထားခြင်းမရှိပဲ အလုပ် များနေ၍ ထိုကိစ္စကို ဆောင်ရွက်ရန် မအားပါဟု ပြောကြားခဲ့သည်။
[၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်၊ BNI](#)
[၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်၊ ဧရာဝတီ/မြန်မာ](#)

# ထောင်တွင်းအခြေအနေများ

**စစ်ကိုင်း အလုပ်သမားအခွင့်အရေးတောင်းဆိုသူများ တရားစီရင်ရေးအား ဆက်လက် သပိတ်မှောက်**

ဩဂုတ်လ ၁၉ ရက်နေ့တွင် တပ်ကုန်းမြို့နယ်၊ တရားရုံး၌ စစ်ကိုင်းမှ နေပြည်တော်သို့ ချီတက်မည့် အလုပ်သမားသပိတ်တွင် ပါဝင်ခဲ့ခြင်းအတွက် တရားရင်ဆိုင်နေရသော အလုပ်သမားများနှင့် ကျောင်းသား ၁၅ ဦးအနက် ကျောင်းသား ၅ ဦး သည် ၎င်းတို့၏ ခုနစ်ကြိမ်မြောက် ရုံးချိန်းတွင် တရားစီရင်ရေးအား ဆက်လက် သပိတ်မှောက်ခဲ့ကြသည်။ ကျန်ရှိသည့် အလုပ်သမား ၁၀ ဦးမှာမူ တရားစီရင်ရေးအား သပိတ်မှောက်ခြင်းကို ရပ်တန့် ခဲ့ပြီး တရားရင်ဆိုင်ခဲ့ကြသည်။ ဩဂုတ်လ ၂၉ ရက်နေ့တွင် ၎င်းတို့ ထပ်မံ၍ ရုံးချိန်းတက်ရောက်ရမည်ဖြစ်သည်။

[၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်၊ အီလဲဗင်း]

**ကိုခိုင်မျိုးထွန်း၏ အာမခံလျှောက်ထားမှုကို ပယ်ချ**

ဩဂုတ်လ ၂၅ ရက်နေ့တွင် စစ်တွေမြို့နယ်တရားရုံးမှ ထင်ရှားသော လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်အရေး တက်ကြွလှုပ်ရှားသူ၊ ရခိုင်လွတ်မြောက်ရေးပါတီ (ALP)၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုခိုင်မျိုးထွန်း၏ အာမခံ လျှောက်ထားမှုကို ပယ်ချခဲ့သည်။ တရားရုံးမှ နှစ်ကြိမ်တိုင် ဆင့်ခေါ်သည်ကို ကိုခိုင်မျိုးထွန်းသည် လာရောက်ရန် ပျက်ကွက်ခဲ့ သောကြောင့် ထိုကဲ့သို့ ဆုံးဖြတ်ခဲ့သည်ဟု ဆိုသော်လည်း ကိုခိုင်မျိုးထွန်းမှ ဆင့်ခေါ်စာများမရရှိခဲ့ပါဟု ပြောကြားခဲ့သည်။ တပ်မတော်မှ ရခိုင်ပြည်နယ်တွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်နေသည့် အကြောင်းကို ALP မှ ကြေငြာချက် ထုတ်ပြန်ခဲ့ခြင်းအတွက် ဇူလိုင်လ ၂၅ ရက်နေ့တွင် ကိုခိုင်မျိုးထွန်းသည် ဖမ်းဆီးခံခဲ့ရသည်။ Earth Rights International အဖွဲ့အစည်းမှ အာမခံငြင်းပယ်ခံရခြင်းနှင့် ပတ်သက်၍ ရှုံ့ချခဲ့ပြီး လူ့အခွင့်အရေး လှုပ်ရှားသူများကို အသံတိတ်သွားစေရန်နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းကို ထုတ် ဖော်ခြင်းမှ ဟန့်တားရန် ကြိုးပမ်းခြင်းလည်း ဖြစ်သည်ဟု ပြောကြားခဲ့ သည်။ စက်တင်ဘာလ ၂ ရက်နေ့တွင် သူ ထပ်မံ၍ ရုံးချိန်း တက် ရောက်ရမည်ဖြစ်သည်။

[၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်၊ မဇ္ဈိမ]
[၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်၊ Earth Rights International]
[၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်၊ ဧရာဝတီ]
[၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၆  ရက်၊ ဒီဗွီဘီ/မြန်မာ]

**ကူကီးတိုင်းရင်းသားဖိုရမ်အား တမူးခရိုင်အုပ်ချုပ်ရေးမှူးမှ တားဆီး**

ကူကီးတိုင်းရင်းသားဖိုရမ်အား ရောမွန်ခန်းမတွင် ကျင်းပရန် ဩဂုတ်လ ၁၂ ရက်နေ့တွင် ထိုပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဌ ဒေါ်ငိုင်ငိုင်းမှ ခွင့်ပြုချက် လျှောက်ထားခဲ့သည်။ သို့သော်လည်း ဩဂုတ်လ ၁၇ ရက်နေ့တွင် တမူးခရိုင် အုပ်ချုပ်ရေးမှူးမှ ၎င်းတို့အား ခေါ်ယူတွေ့ဆုံကာ ခွင့်မပြုနိုင်ကြောင်း ပြောကြားခဲ့သည်။ တမူးခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးမှ ကူကီး တိုင်းရင်းသားသည် တိုင်းရင်းသား ၁၃၅ ဦး ထဲတွင် ပါဝင်ခြင်းမရှိ သောကြောင့် ကျင်းပရန် ခွင့်ပြုခဲ့လျှင် ပြဿနာများ ဖြစ်ပွားနိုင်သည်ဟု ပြောကြားခဲ့သည်။

ရောမွန်ခန်းမတွင် ကျင်းပခွင့် မရရှိခဲ့သော်လည်း ဩဂုတ်လ ၁၉ ရက်နေ့တွင် ထိုပွဲဖြစ်မြောက်ရေး ကော်မတီမှ ကူကီးတိုင်းရင်းသားဖိုရမ်ကို ကူကီးအမျိုးသမီးစင်တာတွင် ကျင်းပခဲ့ သည်။ ဖိုရမ်ကျင်းပနေချိန်တွင် ဒေသဆိုင်ရာအာဏာပိုင်များမှ မကျင်းပရန်တားမြစ်ခဲ့သောကြောင့် ကူကီးခရစ်ယာန်အသင်းတော်သို့ ရွှေ့ပြောင်းကာ ဆက်လက်ကျင်းပခဲ့သည်။

ကူကီး တိုင်းရင်းသားဖိုရမ်အား ကူကီးတိုင်းရင်းသား သုံးရာကျော် တက်ရောက်ခဲ့သည်။

၂၀၁၆ခုနှစ် ၊ဩဂုတ်လ ၁၈ ရက်၊မဇ္ဈိမ/မြန်မာ

၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်၊မဇ္ဈိမ/မြန်မာ

**တပ်မတော်နှင့် သမ္မတဟောင်းအား အသရေဖျက်ခြင်းအတွက် အမျိုးသားတစ်ဦး စွဲချက်တင်ခံရ**

သမ္မတဟောင်း ဦးသိန်းစိန်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့အား ကြက်ဖကြီး လူမှုကွန်ရက်စာမျက်နှာကို အသုံးပြု၍ အသရေဖျက်သည်ဟု စွပ်စွဲခံခဲ့ရပြီးနောက် မရမ်းကုန်းမြို့နယ်တရားရုံးမှ ကိုလှဖုန်းအား တရားစွဲဆိုခဲ့သည်။ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီးကတည်းက သူသည် အင်းစိန်ထောင်တွင် ထိန်းသိမ်းခံထားရသည်။ သူ့အား ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆/ဃ နစ်မှု၊ နိုင်ငံတော် အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅(ခ)၊ နိုင်ငံတော်အလံအက်ဥပဒေ ပုဒ်မ ၁၆ တို့ဖြင့် ဩဂုတ်လ၂၂ ရက်နေ့တွင် စွဲချက်တင်ခဲ့သည်။ သူသည် သမ္မတ ဟောင်း ဦးသိန်းစိန်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့၏ ဓာတ်ပုံများကို ပြုပြင်ဖန်တီး၍ လူမှုကွန်ရက် စာမျက်နှာတွင် တင်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည့်ပြင် နိုင်ငံတော်အလံအား ခြေထောက်ဖြင့် နင်းထားသည့် ပုံအား လူမှုကွန်ရက် စာမျက်နှာတွင် တင်ခဲ့သည်ဟုလည်း စွပ်စွဲခံခဲ့ရသည်။ ထိုစွဲချက်အားလုံးဖြင့် အပြစ်ရှိကြောင်း တွေ့ရှိပါက သူသည် အမြင့်ဆုံးထောင်ဒဏ် ၁၁နှစ်အထိ ကျခံရနိုင်သည်။ ဩဂုတ်လ ၂၄ ရက်နေ့တွင် ထပ်မံ၍ ရုံးချိန်း တက်ရောက် ရမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်၊ Channel News Asia

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်၊ မြန်မာတိုင်း

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်၊ ဒီဗွီဘီ

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်၊ ဧရာဝတီ

# မြေယာသိမ်းဆည်းမှုများ

**ရုံးချိန်း ငါးဆယ်ကျော် တက်ရောက်ပြီးသည့်တိုင် လယ်သမားများ ဆက်လက် တရားရင်ဆိုင်ရ**

၂၀၁၄ ခုနှစ်က ဖြစ်ပွားခဲ့သော အမှုအတွက် တရားစွဲဆိုခံနေရသော လယ်သမားများသည် ဩဂုတ်လ ၁၅ ရက်နေ့တွင် ၎င်းတို့၏ ၅၂ ကြိမ်မြောက် ရုံးချိန်းကို တက်ရောက်ခဲ့သည်။ ကော်ဖီစီမံကိန်း ဆောင်ရွက်ရန်အတွက် ၂၀၀၃ ခုနှစ်တွင် အစိုးရမှ ရှမ်းပြည်နယ် မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ နမ့်လင်းခံ ကျေးရွာမှ ဒေသခံလယ်သမား များ ပိုင်ဆိုင်သော လယ်ယာမြေ ၃၆၄ ဧကအား လျော်ကြေးမပေးပဲ သိမ်းယူခဲ့သည်။ ၂၀၁၄ ခုနှစ်ထိတိုင်အောင် မည်သည့် စီမံကိန်းမျှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိသောကြောင့် လယ်သမား တစ်ရာခန့်သည် ထိုလယ်ယာမြေများထဲသို့ ကျူးကျော် ဝင်ရောက်ခဲ့ ကာ ထွန်ယက်စိုက်ပျိုးခဲ့ကြသည်။ ထို့ကြောင့် ၂၀၁၄ ခုနှစ်တွင် ကော်ဖီ စီမံကိန်း မန်နေဂျာမှ ဦးဖိုးယုံ၊ ဦးတင့်နိုင်၊ အိုက်ကန်၊ ကိုမျိုး၊ ဦးဘချစ်နှင့် ဦးတင့်နိုင် တို့အပါအဝင် လယ်သမား ဆယ်ဦးအား ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၄၂၇၊ ၅၀၆၊ ၂၉၄ တို့ဖြင့် တရားစွဲဆိုခဲ့သည်။

တရားစွဲဆိုခံရသော လယ်သမားများမှ ၎င်းတို့ နှစ်တိုင်း လယ်ယာ မြေခွန် ပေးသွင်းခဲ့ရသောကြောင့် ထိုအခြင်းအရာသည် လယ်ယာမြေ များကို ၎င်းတို့ ပိုင်ဆိုင်ဆဲဖြစ်သည့် သက်သေအထောက်အထား ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ၂၀၁၆ ခုနှစ် အတွက်လည်း ၎င်းတို့ ပေးသွင်းခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

နောင်ချိုမြို့နယ်တရားရုံး၊ ပြန်ကြား ရေးတာဝန်ခံမှ အမှုအား ပြီးပြတ် အောင် ၎င်းတို့ ဆောင်ရွက်လျက်ရှိသည်ဟု ပြောကြားခဲ့သည်။

[၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်၊ မဇ္ဈိမ/မြန်မာ]

**သစ်တောဥပဒေဖြင့် လယ်သမား ၁၂ ဦး တရားစွဲဆိုခံရ**

လယ်သမား ၁၂ ဦးသည် သစ်တောဥပဒေပုဒ်မ ၄၀ (က)၊ (ဂ)၊ (ဃ)၊ ၄၁ (က)၊ ၄၂ (က)နှင့် သစ်တော စိုက်ခင်းများကို ကျူးကျော်မှုတို့ဖြင့် လပွတ္တာမြို့နယ်တရားရုံး၌ တရားစွဲဆိုခံခဲ့ရသည်။ ၎င်းတို့သည် ငါးဖမ်း ခြင်း၊ ပုစွန်မွေးခြင်း၊ သစ်ပင်ခုတ်ခြင်း၊ ရေငန်တား တာတမံများ ပြုလုပ် ခြင်း တို့ကို လုပ်လျက်ရှိသည်ဟု စွပ်စွဲခံခဲ့ရသည်။ ဩဂုတ်လ ၁၂ ရက်နေ့နှင့် ဩဂုတ်လ ၁၃ ရက်နေ့တို့တွင် လပွတ္တာမြို့နယ်၊ သပြေ ချောင်း ကျေးရွာအုပ်စု၊ ကန့်ဘလာ၊ အလံတရာ၊ ဒရယ်ဖြူ ကျေးရွာများ မှ ဦးစံသိန်း၊ ဦးမောင်တူး၊ ဦးဇော်ဦးနှင့် ဦးဖိုးထော်လေး တို့အပါအဝင် လယ်သမား ၁၂ ဦးတို့အား မြို့နယ် သစ်တောရုံးတွင် ခေါ်ယူ စစ်ဆေးခဲ့သည်။ ဩဂုတ်လ ၂၉ ရက်နေ့တွင် ၎င်းတို့၏ ပထမအကြိမ် ရုံးချိန်းကို တက်ရောက်ခဲ့သည်။ စက် တင်ဘာလ ၆ ရက်နေ့နှင့် ၈ ရက်နေ့တို့တွင်လည်း ၎င်းတို့အား ထပ်မံ၍ ရုံးချိန်း တက်ရောက်ရမည် ဖြစ်သည်။

[၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ ရောဝတီ/မြန်မာ]

# ဥပဒေပြုရေးနှင့် မူဝါဒပိုင်းဆိုင်ရာ တိုးတက်မှုများ

**အရေးပေါ်စီမံမှု အက်ဥပဒေ ရုပ်သိမ်းရန် ပြည်သူ့လွှတ်တော် အတည်ပြု**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ တင်သွင်းသည့် ၁၉၅၀ အရေးပေါ် စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဩဂုတ်လ ၂၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၌ အတည်ပြုခဲ့သည်။ အငြင်းပွားဖွယ် ထိုဥပဒေသည် နိုင်ငံတော် လုံခြုံရေးအား ထိခိုက်ခြင်း၊ သတင်းအမှား ဖြန့်ဖြူး ခြင်းတို့အတွက် နိုင်ငံရေးလှုပ်ရှားသူများကို စွဲချက်တင်ရန် အာဏာပိုင်များကို အခွင့်အာဏာပေးထားခြင်း သို့မဟုတ် တပ်မတော်ကို ဆန့်ကျင်သူများနှင့် အတိုက်အခံ နိုင်ငံရေးသမားများ ကို ဖိနှိပ်ရန် ယခင်အစိုးရဟောင်းများမှ အသုံးပြုခဲ့ခြင်း ဖြစ်သည်။ အစိုးရဟောင်း လက်ထက် ၂၀၁၅ ခုနှစ်တွင် ထိုဥပဒေအားရုပ်သိမ်းရန် ကြိုးစားခဲ့ကြသော်လည်း တပ်မတော်မှ ကန့်ကွက်သောကြောင့် ရှုံးနိမ့်ခဲ့ရသည်။ ယခုအကြိမ်တွင်လည်း ပြည်သူ့လွှတ်တော်၌ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ထိုဥပဒေအား ထပ်မံကာကွယ်ရန် ကြိုးစားခဲ့သော်လည်း ထိုဥပဒေကို ရုပ်သိမ်းရန် လွှတ်တော်ကိုယ်စားလှယ် အများစုမှ မဲပေးခဲ့ကြသည်။

[၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်၊ ဧရာဝတီ]

[၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်၊ ဒီဗွီဘီ/မြန်မာ]

[၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်၊ ဗွီအိုအေ/မြန်မာ]

[၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်၊ ဧရာဝတီ/မြန်မာ]

# လူ့အခွင့်အရေးနှင့်ဆိုင်သော ဆက်စပ်သတင်းများ

### အစိုးရမှ အမည်ပျက်စာရင်း သွင်းထားသူ ၆၁၉ ဦးအား အမည်ပျက်စာရင်းမှ ဖယ်ရှားပေး

အစိုးရမှ မြန်မာနိုင်ငံသား ၂၄၈ ဦးနှင့် နိုင်ငံခြားသား ၃၇၁တို့အား အမည်ပျက်စာရင်းမှ ဖယ်ရှားပေးခဲ့သည်။ အရပ်သားအစိုးရ၏ ရက်တစ်ရာစီမံချက် တစ်စိတ်တစ်ပိုင်းအဖြစ် ဝန်ကြီးဌာန ၁၅ ခု ပူးပေါင်းဆောင်ရွက်ပြီး အမည်ပျက်စာရင်းသွင်းထားသူများကို စိစစ်ဖြေလျှော့ပေးရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေမှ နိုင်ငံရေးတွင် ပါဝင်နိုင်ရန် ထိုလူများကို အခွင့်အရေးပေးခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်ကို နိုင်ငံပိုင်သတင်းစာမှ ကိုးကားဖော်ပြခဲ့သည်။ သို့သော်လည်း မြန်မာနိုင်ငံသား ၁၉၅ ဦးနှင့် နိုင်ငံခြားသား ၃၅၆၆ ဦးတို့မှာ အမည်ပျက်စာရင်းတွင် ဆက်လက်ရှိနေသည်။ အမည်ပျက်စာရင်းနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှု မရှိသောကြောင့် တက်ကြွ လှုပ်ရှားသူများမှ စိုးရိမ်မှုများ ဆက်လက်ရှိနေသော်လည်း အမည်ပျက် စာရင်းဖယ်ရှားခြင်း လုပ်ငန်းစဉ်နှင့် အမည်ပျက်စာရင်းအား ကျေနပ်မှု ရှိလျက် ရှိသည်။

၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၁ ရက်၊ ဗွီအိုအေ/မြန်မာ

၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၃ ရက်၊ လွတ်လပ်သော အာရှအသံ

၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၃ ရက်၊ ဘီဘီစီ/မြန်မာ

၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ ဧရာဝတီ/မြန်မာ

၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ The Voice/မြန်မာ

၂၀၁၆ခုနှစ်၊ ဩဂုတ်လ၄ ရက်၊ မြန်မာတိုင်း/မြန်မာ

၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ 7 Day Daily/မြန်မာ

၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊အီလဲဗင်း/မြန်မာ

၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊မဇ္ဈိမ

၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ မြန်မာတိုင်း

၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊ဧရာဝတီ

၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၄ ရက်၊အီလဲဗင်း

### တရားရေးဆိုင်ရာ လုပ်ငန်းစဉ်များ အရှိန်မြှင့်တင်ရန် တရားရုံးများမှ ကြိုးပမ်းဆောင်ရွက်

တရားလွှတ်တော်ချုပ် တရားသူကြီးချုပ် ဦးထွန်းထွန်းဦးမှ တရားစွဲဆိုခြင်းနှင့် ရုံးတင်စစ်ဆေးခြင်းကြားကာလ တိုတောင်းစေရန် ဒေသဆိုင်ရာ တရားရုံးများနှင့် တရားလွှတ်တော်ချုပ်တို့ကြား အမှုများကို ပြန်လည်ခွဲဝေနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဟု ကြေငြာခဲ့သည်။ ဩဂုတ်လ ၄ ရက်နေ့ တွင် ကျင်းပခဲ့သော အစည်းအဝေး၌ တရားသူကြီးချုပ်မှ ယခုနှစ်အစကတည်းက ရာဇဝတ်မှု တစ်သိန်းခုနှစ်သောင်းရှိပြီး ငါးသောင်းဝန်းကျင်ခန့်မှာ တရား ရင်ဆိုင်ရခြင်းမရှိသေးပါဟု ပြောကြားခဲ့သည်။ တရားရေးစနစ်အား ပြည်သူလူထု ယုံကြည်လက်ခံမှု ပြန်လည်ရရှိရန်နှင့် တရားရုံးလုပ်ဆောင်မှုအား သုံးသပ်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းလည်း ကြေငြာခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်၊ မြန်မာတိုင်း

### မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ ကသာထောင်၏အခြေအနေအား ဝေဖန်

ဩဂုတ်လ ၁၉ ရက်နေ့တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ ကြေငြာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး ကသာထောင်၏ အခြေအနေအား ထုတ်ပြန်ခဲ့သည်။ ကသာထောင်တွင် လူဦးရေပြည့်သိပ်နေပြီး လုံလောက်သော ဝန်ထမ်းနှင့် ကျေနပ်ဖွယ်မရှိသော ရေနှင့်ဆေးဝါးများ မရှိပါဟု ထုတ်ပြန်ခဲ့သည်။ ကသာထောင်တွင် တရားဝင်အကျဉ်းသား ၄၈၀ ဦး သာ ထားရှိရမည်ဖြစ်သော်လည်း အကျဉ်းသားတစ်ထောင်ကျော် ရှိနေသည်ဟု လူ့အခွင့်အရေး ကော်မရှင်မှ ၎င်းတို့၏ စုံစမ်းတွေ့ရှိမှုအား ဖော်ထုတ်ခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်၊ ဧရာဝတီ

### ရှေ့နေများအသင်းမှ ရှေ့နေအဖြစ်မှ ရုပ်သိမ်းခံရသူများကို စုံစမ်း

အစိုးရဟောင်းလက်ထက်တွင် ရှေ့နေအဖြစ်မှ ရုပ်သိမ်းခံခဲ့ရသူများအားလုံး၏ စာရင်းကိုပေးရန် လွတ်လပ်သော ရှေ့နေများအသင်းမှ တရားလွှတ်တော်ချုပ်သို့ တောင်းဆိုခဲ့သည်။ ထိုအသင်း၏ ရည်ရွယ်ချက်သည် မည်သူမဆို ရှေ့နေအဖြစ် လုပ်ကိုင်ခွင့်မှ မှားယွင်းစွာ ပိတ်ခံရသူများကို မူလ အတိုင်း ပြန်လည် လုပ်ကိုင်ခွင့်ရရှိစေရန် ဖြစ်သည်။ ၁၉၂၉ ခုနှစ်၊ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ အက်ဥပဒေ ပြဋ္ဌာန်းထားသည်ထက် အခြားလုပ်ထုံးလုပ်နည်းများဖြင့် ပိတ်ပင်ခံရသည့် ရှေ့နေများကို အဓိကထားသည်ဟု ထိုအသင်းမှ ပြောကြားခဲ့သည်။ ထို့ပြင် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေအရ နိုင်ငံခြားသား အဖြစ်ခံယူရန် ဆုံးဖြတ်ခဲ့ခြင်းအတွက် ရှေ့နေအဖြစ် လုပ်ကိုင်ခွင့် ရုပ်သိမ်းခံရသူများကို အဓိကထားသည်ဟုလည်း ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်၊ မြန်မာတိုင်း

# နိဂုံးချုပ်နှင့်သုံးသပ်ချက်

နှစ်ငါးဆယ်ကျော်အတွင်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခဲ့သော အရပ်သားအစိုးရသည် ယခုလက်ရှိတွင် အစိုးရတာဝန် ထမ်းဆောင်သည်မှာ ငါးလသက်တမ်း ကုန်ဆုံးပြီဖြစ်သည်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ကတိပြုထားသည့် ခြေလှမ်းတစ်ရပ်ဖြစ်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုဖြစ်သည့် ပင်လုံညီလာခံကို ကျင်းပခဲ့သည်။ ထိုအခြင်းအရာသည် အရေးပါသော ခြေလှမ်းတစ်ရပ် ဖြစ်သော်လည်း နိုင်ငံတွင်း လူ့အခွင့် အရေးအခြေအနေများသည် အနည်းငယ်သာ တိုးတက်မှုရှိသည်ကို တွေ့မြင်နိုင်သည်။ တက်ကြွလှုပ်ရှားသူများကို ထိန်းသိမ်းရန်နှင့် ဖမ်းဆီးရန် ခေတ်နောက်ကျကျန်နေသော ဥပဒေများနှင့် ဖိနှိပ်ထားသော ဥပဒေများကို အသုံးပြုခြင်း၊ နိုင်ငံရေးအကျဉ်းသားရေးရာ အခြေအနေများ တိုးတက်မှု မရှိခြင်း၊ တိုင်းရင်းသားဒေသများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက် တိုးလာနေခြင်းတို့ကြောင့် အစိုးရသစ်သည် နိုင်ငံတွင်း လူ့အခွင့်အရေးများကို လေးစားလိုက်နာ အားပေးမြှင့်တင်ခြင်း မပြုနိုင်သေးခင် အရေးပါသော တိုးတက်မှုပြုလုပ်ရန် လိုအပ်လျက်ရှိသည်ကို ပြသလျက် ရှိသည်။

ယခုလတွင် နိုင်ငံရေးအကျဉ်းသားများကို တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်း လျော့နည်းလာသော်လည်း နိုင်ငံရေးအကျဉ်းသား ၂၀၆ ဦး ဆက်လက် ရှိနေခြင်းကြောင့် အနည်းငယ်သာ တိုးတက်မှုရှိသည်ဟု မြင်နိုင်သည်။ နိုင်ငံရေးအကျဉ်းသား ၂၀၆ ဦးထဲတွင် အများစုသည် လယ်သမားများနှင့် တိုင်းရင်းသားအုပ်စုများမှ အဖွဲ့ဝင်များဖြစ်ခြင်းကြောင့် အစိုးရမှ ၎င်းတို့အား နိုင်ငံရေးအကျဉ်းသားအဖြစ် ယူဆထားခြင်းမရှိကြောင်း ပြသလျက်ရှိသည်။ နိုင်ငံရေးအကျဉ်းသားရေးရာကိစ္စကို ဖြေရှင်းရန် အစိုးရမှ ထိုအဖွဲ့များအပါအဝင် တရားဝင် နိုင်ငံရေးအကျဉ်းသား အဓိပ္ပါယ်ဖွင့်ဆိုချက်ကို သတ်မှတ်ပေးရမည်ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားအဓိပ္ပါယ် ဖွင့်ဆိုသတ်မှတ်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားအဖြစ် တရားဝင် အသိအမှတ်ပြုမှုရရှိရေးနှင့် နိုင်ငံရေး အကျဉ်းသားအားလုံးကို ခြွင်းချက်မရှိလွှတ်ပေးရေးသည် အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိရန် အခြေခံကျသောအချက်ဖြစ်သည်။

အမျိုးမျိုးသောဥပဒေများဖြင့် ငြိမ်းချမ်းစွာကွဲလွဲမှုများနှင့် လွတ်လပ်စွာ ပြောဆိုခွင့်တို့ကို ပြစ်မှုအဖြစ် ဆက်လက် သတ်မှတ်ထားလျက်ရှိသောကြောင့် နိုင်ငံ၏ ခေတ်နောက်ကျလျက်ရှိသောဥပဒေများကို ပြုပြင်ပြောင်းလဲရန် တိုက်တွန်းပါသည်။ ဒေသဆိုင်ရာအာဏာပိုင်များမှ ကူကီးတိုင်းရင်းသားဖိုရမ်အားတားမြစ်ခဲ့ခြင်းသည် နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်များကို ဆက်လက် တားမြစ် ထားလျက်ရှိသည်ကို ပြသလျက်ရှိသည်။ ထို့ပြင် အသရေဖျက်ခြင်းအတွက် ကိုလှဖုန်း စွဲချက်တင်ခံခဲ့ရခြင်းကို ကြည့်ခြင်းဖြင့် စစ်တပ်မှ တရားရေးစနစ် အပေါ် များစွာလွှမ်းမိုးထားလျက်ရှိသည်ကို ပြသလျက်ရှိပြီး အစိုးရသစ်သည် စစ်တပ်၏ ချုပ်ကိုင်ထားမှုကို ဆန့်ကျင်ရန် ပိုမိုဆောင်ရွက်ရမည်ဖြစ်ပြီး အရပ်သားအစိုးရသစ်နှင့် ယခင်စစ်အစိုးရဟောင်းမှ အရိုးစွဲနေသည့် ဗျူရိုကရေစီစနစ်တို့ကြား အားပြိုင်မှုများ ကို ဆန့်ကျင် တိုက်ခိုက်ရမည်ဖြစ်သည်။

သိမ်းဆည်းခံခဲ့ရသော လယ်ယာမြေများပေါ်တွင် ကျူးကျော် ထွန်ယက်ခဲ့ခြင်းအတွက် ၂၀၁၄ ခုနှစ်တွင် တရားစွဲဆိုခံခဲ့ရသော လယ်သမားဆယ်ဦးသည် ၎င်းတို့၏ ၅၂ ကြိမ်မြောက်ရုံးချိန်းကို ဩဂုတ်လ ၁၅ ရက်နေ့တွင် တက်ရောက်ခဲ့သည်။ ထိုကဲ့သို့ ကြာရှည်စွာတရားရင်ဆိုင်ရခြင်းသည် အာဏာပိုင်များမှ အစိုးရအား ဆန့်ကျင်သူများကို ခြိမ်းခြောက်ရန် ဥပဒေရေးရာစနစ်အား ဆက်လက် ချိုးဖောက်လျက်ရှိခြင်းကို ပြသခြင်းဖြစ်ပြီး တရားစီရင်ရေးစနစ်၏ ချို့ယွင်းချက်များအား ဖော်ပြခြင်းလည်းဖြစ်သည်။ အထူးသဖြင့် အာဏာပိုင်များမှ တရားရေးစနစ်၏ အားနည်းချက်အား အလွဲသုံးစားပြုခြင်းလည်းဖြစ်သည်။ နိုင်ငံတွင်း လက်ကျန် နိုင်ငံရေးအကျဉ်းသားများထဲတွင် လယ်သမား အများအပြားပါဝင်နေခြင်းကြောင့် လယ်ယာမြေ သိမ်းဆည်းခံရခြင်းသည် အရေးကြီး သောကိစ္စတစ်ရပ်ဖြစ်သည်ကို ထပ်ဟပ်ပြလျက်ရှိပြီး မဖြေရှင်းနိုင်သေးသည့် ကြီးမားသည့် ကိစ္စရပ်အဖြစ် ဆက်လက်ရှိနေသည်ကို ပြသလျက်ရှိသည်။ ထို့ကြောင့် အစိုးရအနေဖြင့် လယ်ယာမြေသိမ်းဆည်းခံရခြင်းနှင့် ပတ်သက်ပြီး ချက်ချင်း အရေးယူ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သည်။

ယခုလတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ များစွာရှိခဲ့သည်။ စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်

ညှဉ်းပန်းနှိပ်စက်မှုများ ဆက်လက် ကျူးလွန်နေခြင်းကြောင့် အစိုးရသစ်အနေဖြင့် ညှဉ်းပန်းနှိပ်စက်မှုများကို ဆန့်ကျင်သည့် ကုလသမဂ္ဂသဘောတူ စာချုပ် (UNCAT) နှင့် နောက်ဆက်တွဲ လိုက်နာစောင့်ထိန်းအပ်သည့် လုပ်ထုံး လုပ်နည်းကျင့်ဝတ် (OPCAT) ကိုလည်း လက်မှတ်ထိုးရန် လိုအပ်ပါ သည်။ နိုင်ငံတွင်း စစ်မှန်သော ပြောင်းလဲမှု စတင်ရန်နှင့် အကြမ်းဖက် သော အလေ့အထ၊ အကျင့်ပျက်ခြင်းနှင့် အလွဲသုံးစားမှု ကျူးလွန်သူများ အား ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပေးခြင်းတို့ အဆုံးသတ်ရန်နှင့် နိုင်ငံတ ကာ စံချိန်စံညွှန်းများအတိုင်း နိုင်ငံတွင်း ဥပဒေ ပြဋ္ဌာန်းနိုင်ရန်အတွက် ဥပဒေ ပြုပြင်ပြောင်းလဲမှုရှိရန် ဆက်လက် ဆောင်ရွက်ရေးသည် မရှိမဖြစ် လိုအပ်သည်။

# အရေးပါသော ဆက်စပ်သတင်းများ ဖတ်ရန် Links

## ဩဂုတ်လ ၁ ရက်

[အစိုးရမှ အမည်ပျက်စာရင်း သွင်းထားသူ ၆၁၉ ဦးအား အမည်ပျက်စာရင်းမှ ဖယ်ရှားပေး၊ ဗွီအိုအေ/မြန်မာ]

## ဩဂုတ်လ ၃ ရက်

[အစိုးရမှ အမည်ပျက်စာရင်း သွင်းထားသူ ၆၁၉ ဦးအား အမည်ပျက်စာရင်းမှ ဖယ်ရှားပေး၊ လွတ်လပ်သော အာရှအသံ]
[အစိုးရမှ အမည်ပျက်စာရင်း သွင်းထားသူ ၆၁၉ ဦးအား အမည်ပျက်စာရင်းမှ ဖယ်ရှားပေး၊ ဘီဘီစီ/မြန်မာ]
[အစိုးရမှ အမည်ပျက်စာရင်း သွင်းထားသူ ၆၁၉ ဦးအား အမည်ပျက်စာရင်းမှ ဖယ်ရှားပေး၊ လွတ်လပ်သော အာရှအသံ/မြန်မာ]

## ဩဂုတ်လ ၄ ရက်

[အစိုးရမှ အမည်ပျက်စာရင်း သွင်းထားသူ ၆၁၉ ဦးအား အမည်ပျက်စာရင်းမှ ဖယ်ရှားပေး၊ ဒီဗွီဘီ/မြန်မာ]
[အစိုးရမှ အမည်ပျက်စာရင်း သွင်းထားသူ ၆၁၉ ဦးအား အမည်ပျက်စာရင်းမှ ဖယ်ရှားပေး၊ ဧရာဝတီ/မြန်မာ]
[အစိုးရမှ အမည်ပျက်စာရင်း သွင်းထားသူ ၆၁၉ ဦးအား အမည်ပျက်စာရင်းမှ ဖယ်ရှားပေး၊ The Voice/မြန်မာ]
[အစိုးရမှ အမည်ပျက်စာရင်း သွင်းထားသူ ၆၁၉ ဦးအား အမည်ပျက်စာရင်းမှ ဖယ်ရှားပေး၊ မြန်မာတိုင်း/မြန်မာ]
[အစိုးရမှ အမည်ပျက်စာရင်း သွင်းထားသူ ၆၁၉ ဦးအား အမည်ပျက်စာရင်းမှ ဖယ်ရှားပေး၊ 7 Day Daily/မြန်မာ]
[အစိုးရမှ အမည်ပျက်စာရင်း သွင်းထားသူ ၆၁၉ ဦးအား အမည်ပျက်စာရင်းမှ ဖယ်ရှားပေး၊ အီလဲဗင်း/မြန်မာ]
[အစိုးရမှ အမည်ပျက်စာရင်း သွင်းထားသူ ၆၁၉ ဦးအား အမည်ပျက်စာရင်းမှ ဖယ်ရှားပေး၊ မဇ္ဈိမ/မြန်မာ]
[အစိုးရမှ အမည်ပျက်စာရင်း သွင်းထားသူ ၆၁၉ ဦးအား အမည်ပျက်စာရင်းမှ ဖယ်ရှားပေး၊ မြန်မာဂိုင်း]
[အစိုးရမှ အမည်ပျက်စာရင်း သွင်းထားသူ ၆၁၉ ဦးအား အမည်ပျက်စာရင်းမှ ဖယ်ရှားပေး၊ ဧရာဝတီ]
[အစိုးရမှ အမည်ပျက်စာရင်း သွင်းထားသူ ၆၁၉ ဦးအား အမည်ပျက်စာရင်းမှ ဖယ်ရှားပေး၊ အီလဲဗင်း]

## ဩဂုတ်လ ၆ ရက်

[စစ်တပ်မှ တအာင်းရှာသား ငါးဦးကို ဖမ်းဆီး၊ လွတ်လပ်သော အာရှအသံ/မြန်မာ]

## ဩဂုတ်လ ၁၀ ရက်

[တရားရေးဆိုင်ရာ လုပ်ငန်းစဉ်မား အရှိန်မြှင့်တင်ရန် တရားရုံးများမှ ကြိုးပမ်းဆောင်ရွက်၊ မြန်မာတိုင်း]

## ဩဂုတ်လ ၁၄ ရက်

[စစ်တပ်မှ တအာင်းရှာသား ငါးဦးကို ဖမ်းဆီး၊ မြန်မာတိုင်း]

## ဩဂုတ်လ ၁၅ ရက်

[ရှုံးချိန်း ငါးဆယ်ကျော် တက်ရောက်ပြီးသည့်တိုင် လယ်သမားများ ဆက်လက်တရားရင်ဆိုင်ရ၊ မဇ္ဈိမ/မြန်မာ]

## ဩဂုတ်လ ၁၆ ရက်

[ကချင် လွတ်မြောက်ရေး တပ်မတော်နှင့် ဆက်သွယ်ခြင်းအတွက် စစ်တပ်မှ အမျိုးသားနှစ်ဦးကို ဖမ်းဆီး၊ BNI]
[ကချင် လွတ်မြောက်ရေး တပ်မတော်နှင့် ဆက်သွယ်ခြင်းအတွက် စစ်တပ်မှ အမျိုးသားနှစ်ဦးကို ဖမ်းဆီး၊ ဧရာဝတီ/မြန်မာ]

## ဩဂုတ်လ ၁၈ ရက်

[ကူကီးတိုင်းရင်းသား ဖိုရမ်အား တမူးခရိုင် အုပ်ချုပ်ရေးမှူးမှ တားဆီး၊ မဇ္ဈိမ/မြန်မာ]

## ဩဂုတ်လ ၁၉ ရက်

[ကူကီးတိုင်းရင်းသား ဖိုရမ်အား တမူးခရိုင် အုပ်ချုပ်ရေးမှူးမှ တားဆီး၊ မဇ္ဈိမ/မြန်မာ]

## ဩဂုတ်လ ၂၀ ရက်

[စစ်ကိုင်း အလုပ်သမား အခွင့်အရေး တောင်းဆိုသူများ တရားစီရင်ရေးအား ဆက်လက် သပိတ်မှောက်၊ အီလဲဗင်း]

## ဩဂုတ်လ ၂၂ ရက်

[တပ်မတော်နှင့် သမ္မတဟောင်းအား အသရေဖျက်ခြင်းအတွက် အမျိုးသားတစ်ဦး စွဲချက်တင်ခံရ၊ မဇ္ဈိမ/မြန်မာ]
[တပ်မတော်နှင့် သမ္မတဟောင်းအား အသရေဖျက်ခြင်းအတွက် အမျိုးသားတစ်ဦး စွဲချက်တင်ခံရ၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[တပ်မတော်နှင့် သမ္မတဟောင်းအား အသရေဖျက်ခြင်းအတွက် အမျိုးသားတစ်ဦး စွဲချက်တင်ခံရ၊ Channel News Asia]
[တပ်မတော်နှင့် သမ္မတဟောင်းအား အသရေဖျက်ခြင်းအတွက် အမျိုးသားတစ်ဦး စွဲချက်တင်ခံရ၊ မြန်မာတိုင်း]

*မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်မှ ကသာထောင်၏ အခြေအနေအား ဝေဖန်၊ ဧရာဝတီ*

## ဩဂုတ်လ ၂၃ ရက်

*တပ်မတော်နှင့် သမ္မတပေါင်းအား အသရေဖျက်ခြင်းအတွက် အမျိုးသားတစ်ဦး စွဲချက်တင်ခံရ၊ ဒီဗွီဘီ*
*တပ်မတော်နှင့် သမ္မတပေါင်းအား အသရေဖျက်ခြင်းအတွက် အမျိုးသားတစ်ဦး စွဲချက်တင်ခံရ၊ ဧရာဝတီ*
*ရှေ့နေများအသင်းမှ ရှေ့နေအဖြစ် ရုပ်သိမ်းခံရသူများကို စုံစမ်း၊ မြန်မာတိုင်း*

## ဩဂုတ်လ ၂၄ ရက်

*အရေးပေါ်စီမံမှု အက်ဥပဒေ ရုပ်သိမ်းရန် ပြည်သူ့လွှတ်တော် အတည်ပြု၊ ဧရာဝတီ*
*အရေးပေါ်စီမံမှု အက်ဥပဒေ ရုပ်သိမ်းရန် ပြည်သူ့လွှတ်တော် အတည်ပြု၊ ဒီဗွီဘီ/မြန်မာ*
*အရေးပေါ်စီမံမှု အက်ဥပဒေ ရုပ်သိမ်းရန် ပြည်သူ့လွှတ်တော် အတည်ပြု၊ ဗွီအိုအေ/မြန်မာ*
*အရေးပေါ်စီမံမှု အက်ဥပဒေ ရုပ်သိမ်းရန် ပြည်သူ့လွှတ်တော် အတည်ပြု၊ ဧရာဝတီ/မြန်မာ*

## ဩဂုတ်လ ၂၆ ရက်

*ကိုခိုင်မျိုးထွန်း၏ အာမခံ လျှောက်ထားမှုကို ပယ်ချ၊ မဇ္ဈိမ*

*ကိုခိုင်မျိုးထွန်း၏ အာမခံ လျှောက်ထားမှုကို ပယ်ချ၊ Earth Rights International*

*ကိုခိုင်မျိုးထွန်း၏ အာမခံ လျှောက်ထားမှုကို ပယ်ချ၊ ဧရာဝတီ*

*ကိုခိုင်မျိုးထွန်း၏ အာမခံ လျှောက်ထားမှုကို ပယ်ချ၊ ဒီဗွီဘီ/မြန်မာ*

## စက်တင်ဘာလ ၃ ရက်

*သစ်တောဥပဒေဖြင့် လယ်သမား ၁၂ ဦး တရားစွဲဆိုခံရ၊ ဧရာဝတီ/မြန်မာ*

**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင် အတွင်းရေးမှူး +၆၆(၀)၈၁၂၈၇၈ ၇၅၁**
**ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၉၅(၀)၉၄၂၅၃၀ ၈၈၄၀**